# ဆင်ပုနစ်ကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆင်ပုနစ်ကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဆင်ပုနစ်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်** | ၅ |
| | | |
| | **အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး** | ၁၀ |
| ၈။ | **ဘာသာရေးအဆောက်အဦများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| | **အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** | |
| | စီမံချက်အဆိုပြုလွှာ (၁) | ၁၄ |
| | စီမံချက်အဆိုပြုလွှာ (၂) | ၁၆ |
| | စီမံချက်အဆိုပြုလွှာ (၃) | ၁၈ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၂၀ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၁ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၃၈ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုး ပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ် ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာ များမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန

အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆင်ပုနစ်ကျေးရွာ

လောင်းလုံးမြို့နယ်

## ဆင်ပုနစ်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



# အပိုင်း (က)

## ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ဒေသတစ်ခု ဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ အနောက်မြောက်ဘက်ပိုင်းတွင်တည်ရှိပြီးရေဖြူမြို့နယ်၊ထားဝယ်မြို့နယ်များနှင့်ထိစပ်လျက်ရှိပါသည်။

ဆင်ပုနစ်ကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ် မြို့ဟောင်းကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ဆင်ပုနစ်ကျေးရွာသည် လောင်းလုံးမြို့နယ် မြို့ဟောင်းကျေးရွာမှ ဒေါင်းရှောင် ကျေးရွာ ကားလမ်းမပေါ်တွင် တည်ရှိပြီး ရေဖြူမြို့နယ် နတ်တွင်းကျေးရွာနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပါသည်။ ဆင်ပုနစ်ကျေးရွာသည် လောင်းလုံးမြို့နယ်မှ (၂၀)မိုင်ခန့်နှင့် ထားဝယ်မြို့မှ (၈)မိုင်ခန့်သာ ကွာဝေးသဖြင့် နေ့ချင်းပင် သွားရောက်နိုင်ကြပြီး လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်ပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ မြို့ဟောင်းကျေးရွာ၊ ဒေါင်းရှောင်ကျေးရွာနှင့် ရေဖြူမြို့နယ်မှ နတ်တွင်း ကျေးရွာတို့ ဖြစ်ပါသည်။ ဆင်ပုနစ်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း (စပါး)၊ ပန်းရံလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း(ကြက်/ဝက်/နွား)၊ ကုန်ထုတ်လုပ်ငန်း (အုတ်ကြွပ်)၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း (စတီးသံပန်း)၊ အရောင်းအဝယ်လုပ်ငန်း (ဈေးဆိုင်)စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ် ဆင်ပုနစ်ကျေးရွာ၏ ၂၀၁၈ခုနှစ်အတွင်းမိုးရွာရက်ပေါင်း (၁၅၀) ရက်ခန့် နှင့် မိုးရေချိန်မှာ (၁၈၉.၇၂)လက်မအထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှ အပူချိန်မှာ (၂၈)ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။

ဆင်ပုနစ်ကျေးရွာတွင် သဘာဝအရင်းအမြစ်များဖြစ်သော ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေးနှင့် သဲများ မရရှိနိုင်ပါ။ လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော အပင်မျိုးစိတ်များမှာ အနည်းအကျဉ်းသာရှိပါသည်။ သို့သော်လည်း ဝေးလံသောကြောင့် အလွယ်တကူ မရရှိနိုင်ပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

**ဆင်ပုနစ်ကျေးရွာ၏ လူမှုရေး၊ ငွေရေးကြေးရေး၊ ကျန်းမာရေး၊ သာရေးနာရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး၊ ရွာ၏ဘေးကင်းလုံခြုံရေး တို့အတွက် ရည်ရွယ်၍ ဂေါပကအဖွဲ့၊ အပျို/လူပျိုအဖွဲ့၊ ယုဝယုဝတီအဖွဲ့၊ လူလတ်အသင်း၊ နာရေးကူညီမှုအသင်း၊ ကလေးသူငယ်ဖွံ့ဖြိုးရေးအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊ ဒါနရှေ့ဆိုးအသင်း၊ မေတ္တာရှင်အသင်း၊ အနာဂတ်အလင်းရောင်အဖွဲ့၊ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုအဖွဲ့ စသည့်ဖြင့် အဖွဲ့များအားလုံးသည်**

**ကျေးရွာအတွက် သက်ဆိုင်ရာဘက်များမှ အားကောင်းစွာ ပါဝင်ဆောင်ရွက် လျက်ရှိပါသည်။ ယခုအချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီ သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ဆင်ပုနစ်ကျေးရွာ၏ အဓိကစိုက်ပျိုးရေးမှာ လယ် (စပါး) ဖြစ်ပါသည်။ ကျေးရွာအတွင်း စားကျက်မြေမရှိ၊ မြေလွတ်မြေရိုင်းများမရှိပါ။ စိုက်ပျိုးမြေဆီလွှာ၏ အရည်အသွေးမှာ ညံ့နေသောကြောင့် ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။ နယုန်၊ ဝါဆိုလများတွင် စပါးကို စတင်စိုက်ပျိုးကြပြီး တန်ဆောင်းမုန်းလ ဝန်းကျင်တွင် အသီးသီး ရိတ်သိမ်းကြပါသည်။ စပါးအထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် (၄၅)တင်းလောက်ထွက်ရှိပြီးအများဆုံးမှာ (၁)ဧကလျှင် (၆၀)တင်းနှင့် အနည်းဆုံး (၃၀)တင်းခန့် ထွက်ရှိပါသည်။ စပါးရောင်းဈေးမှာ (၁)တင်းလျှင် (၅၀၀၀) ကျပ်(သို့) (၄၇၀၀)ကျပ်ဝန်းကျင်သာ ရရှိသဖြင့် စပါးစိုက်ပျိုးစရိတ်နှင့် လုပ်အားခများကို နုတ်လိုက်သောအခါ အကျိုးအမြတ်အနည်းငယ်သာရရှိကြပါသည်။ ထို့ကြောင့် စပါးမျိုးကောင်းမျိုးသန့်များ၊ မျိုးသန့်ထုတ်လုပ်သည့် နည်းပညာများ၊ စပါးဈေးနှုန်း အသင့်အတင့် ရရှိလာလျှင် စပါးစိုက်ပျိုးသူများအတွက် အစစအရာရာ အဆင်ပြေလာမည်ဖြစ်ပါသည်။ ကျေးရွာအတွင်း လယ်ယာသုံး စက်ကိရိယာပိုင်ဆိုင်မှုလည်း မရှိသောကြောင့် လယ်သမားများသည်ငှားရမ်းအသုံးပြုရပါသည်။ ငှားရမ်းခမှာ (၁)ဧကလျှင် (၆၀,၀၀၀) ကျပ် ပေးရသောကြောင့် လယ်သမားများအတွက် ခက်ခဲပါသည်။ စိုက်ပျိုးရေးဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်/ ကုမ္ပဏီများမှ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျှင် လယ်ယာလုပ်ငန်းခွင်အတွက် အဆင်ပြေလာနိုင်ပါမည်။ ရော်ဘာလုပ်ငန်းလုပ်ကိုင်သူနှင့် မှိုစိုက်ပျိုးလုပ်ကိုင်သူလည်း အနည်းငယ်ရှိပါသည်။ **ချောင်းများတိမ်ကောသောကြောင့် လယ်မြေများ ရေကြီးရေလျှံမှုများကိုလည်း နှစ်စဉ်ကြုံတွေ့နေရပါသည်။ ထို့ကြောင့် ချောင်းများကို ပြန်လည် တိုးချဲ့ဖောက်လုပ်ရန် လိုအပ်နေပါသည်။**

**(ခ) မွေးမြူရေးလုပ်ငန်း**

ဆင်ပုနစ်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအဖြစ် ဝက်၊ ကြက်၊ဆိတ်နှင့် နွားများကို မွေးမြူကြပါသည်။ဝက်သားနို့ခွဲတစ်ကောင်ကို (၆၀,၀၀၀)ကျပ်မှ (၇၀,၀၀၀)ကျပ်ဝယ်ယူရပြီး (၈) လခန့်မွေးမြူကြရပါသည်။ ပြန်ရောင်းရလျှင် တစ်ကောင်ကို (၂၀၀,၀၀၀)ကျပ် မှ (၂၅၀,၀၀၀)ကျပ် ဝန်းကျင်သာ ရရှိပါသည်။ ဈေးကွက်လက်လှမ်းမီမှုမရှိသောကြောင့် ဈေးများနိမ့်ချခံနေရပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနမှ မျိုးကောင်းမျိုးသန့်ရရှိနိုင်မှု၊ နည်းပညာများကို ကူညီပံ့ပိုးပေးလျှင် မွေးမြူရေး လုပ်ကိုင်သူများ အဆင်ပြေလာကြလိမ့်မည်။ ထို့အပြင် ကြက်များကို စီးပွားဖြစ်

မွေးမြူလုပ်ကိုင်သူ(၁)ဦး ရှိပါသည်။ ဒေသကြက်များ၊ နွားများ၊ ဘဲများကို မွေးမြူသူများလည်း အနည်းငယ် ရှိပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဆင်ပုနစ်ကျေးရွာတွင် အခြားဝင်ရငွေလုပ်ငန်းများအဖြစ် အုတ်ကြွပ်လုပ်ငန်း၊ စတီးသံပန်းလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ လက်သမား၊ အရောင်းအဝယ်(ဈေးဆိုင်) လုပ်ငန်း၊ ဆီဆိုင်များ၊ ဝန်ထမ်း၊ သုံးဘီးဆိုင်ကယ်၊ ကားသယ်ယူပို့ဆောင်ရေးလုပ်ငန်း စသည့်လုပ်ငန်းများကို အသီးသီး လုပ်ကိုင်ကြပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဆင်ပုနစ်ကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်မှုအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေရှိပါသည်။ အတိုးနှုန်းမှာ (၇၅)ပြား ဖြစ်သောကြောင့် လယ်ယာလုပ်ကိုင်သူများအတွက် အတော်အဆင်ပြေပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိထားသော ကျေးရွာလည်း ဖြစ်ပြီး မြစိမ်းရောင်ချေးငွေ၏ အတိုးနှုန်းမှာ (၁%)သာ ဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်လိုသူများ၊ အရောင်းအဝယ် လုပ်ကိုင်လိုသူများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူများနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများအတွက် အတိုးနှုန်း သက်သာစွာဖြင့် လုပ်ကိုင်ရသဖြင့် ကျေးရွာနေပြည်သူများအတွက် အဆင်ပြေလှပါသည်။ ထို့အပြင် ကျေးရွာရန်ပုံငွေအဖွဲ့အစည်းများမှ ချေးငွေများလည်း ယူနိုင်သောကြောင့် မိသားစုစားဝတ်နေရေးနှင့် အခြားကိစ္စများ အတွက် အဆင်ပြေစေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က)ကျေးလက် သယ်ယူပို့ဆောင်ရေး

ဆင်ပုနစ်ကျေးရွာသည် မြို့ဟောင်းကျေးရွာမှ ဒေါင်းရောင်ကျေးရွာသို့သွားသော လမ်းမကြီးပေါ်တွင် တည်ရှိပြီး လမ်းအခြေအနေမှာ ကတ္တရာလမ်းများဖြစ်ကြသည်။ ထို့ကြောင့် ဆိုင်ကယ်များ၊ ကားများဖြင့် သွားလာရာတွင် အဆင်ပြေပါသည်။ ကျေးရွာတွင်းလမ်းသွယ်(၆)ခုရှိပြီး (၁၈)ပေ ကျယ်သော မြေသားလမ်းများ ဖြစ်ကြသည်။ ထိုမြေသားများသည် မိုးရာသီတွင် ရွှံ့အိုင်များ၊ ဗွက်အိုင်များဖြစ်လာသောကြောင့် သွားရေးလာရေးတို့တွင် အခက်အခဲများရှိပါသည်။ ထို့ကြောင့် ကွန်ကရစ်လမ်းများသို့ အဆင့်မြှင့်တင်လိုက်လျှင် သွားလာရေး အဆင်ပြေလာမည်ဖြစ်ပါသည်။ ထို့အပြင် သုဿာန်သို့သွားသော မြေသားလမ်း(၇၅၀)ပေ၊ အကျယ်(၁၈)ပေရှိသောလမ်းသည် ရေမြောင်းများလည်းမရှိ၊ လမ်းများတွင်လည်း အမှိုက်များနှင့် ပိတ်ဆို့နေသောကြောင့် မိုးရာသီတွင် သွားရလာရအလွန်ခက်ခဲပါသည်။ ထို့ကြောင့် ၎င်းလမ်းအားပြန်လည် တိုးချဲ့ဖောက်လုပ်ရန် လိုအပ်နေပါသည်။

ကျေးရွာချင်းဆက်တံတား (၆)စင်းရှိပါသည်။ ဒေါင်းရောင်ကျေးရွာမှ လာသော ကွန်ကရစ်တံတားမှာ(၂)စင်းရှိပြီး အတိုင်းအတာမှာ(၂၄×၈×၇)ပေနှင့် (၂၄×၂၀×၁၀)ပေ၊ နတ်တွင်းကျေးရွာမှ

လာသော ကွန်ကရစ်တံတား(၁၅×၆၀×၁၅)ပေ၊(၂၄×၅×၅)ပေ၊(၁၈×၅×၇)ပေ စုစုပေါင်း(၃)စင်းနှင့် မြို့ဟောင်းကျေးရွာမှလာသော ကွန်ကရစ်တံတားမှာ (၂၂×၂၀×၁၅)ပေ ရှိပြီး တံတားအခြေအနေ တို့မှာ ကောင်းပါသည်။ သို့သော် လယ်ယာကုန်ထုတ်လမ်းသို့သွားသော (၁၅×၁၀၀×၁၂) ပေ သစ်သားတံတား(၁) စင်းမှာ ပျက်စီးနေပါသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်နေသူများအတွက် သွားရေးလာရေး ခက်ခဲနေပါသဖြင့် ပြန်လည်ပြုပြင်မွမ်းမံရန် လိုအပ်နေပါသည်။ ကျေးရွာနှင့် မြို့များသို့ သွားလာရန်နှင့် ကျေးရွာထုတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင်လည်း ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များကို အဓိကထား၍ အသုံးပြုသွားလာနေကြရပါသည်။

**(ခ)ကျေးရွာ မီးလင်းရေး**

ဆင်ပုနစ်ကျေးရွာတွင် ယခင်က ဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်မီးကို တစ်ယူနစ်လျှင် (၇၀၀)ကျပ်နှုန်းဖြင့် အိမ်ခြေ(၆၀) ကျော် သုံးစွဲနေကြပြီး ကျန်သောအိမ်များသည် ဆိုလာ၊ ဆီမီးခွက်၊ ဖယောင်းတိုင်မီး စသည့်ဖြင့် သုံးစွဲကြပါသည်။ ယခုအချိန်တွင် အစိုးရ လျှပ်စစ်မီးတိုင်များ၊ မီးကြိုးများ၊ Transformer များတပ်ဆင်ထားပြီးတစ်ရွာလုံးအား လျှပ်စစ်မီးများ ဖြန့်ဝေပေးထားပြီး ဖြစ်သဖြင့် ကျောင်းသား/သူများလည်းအချိန်မရွေး စာများကျက်နိုင်ပြီ ဖြစ်သောကြောင့် ပညာရေး အခြေအနေများ တိုးတက်ကောင်းမွန်လာ နိုင်ပါသည်။ ကျေးရွာသူ/သားများအတွက်လည်း ကုန်ကျငွေများ သက်သာလာနိုင်ပြီး အသေးစား စီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း စသည့် အထောက်အပံ့များ ဖြစ်စေပါသည်။

**(ဂ)သတင်းနှင့် ဆက်သွယ်ရေး**

ဆင်ပုနစ်ကျေးရွာတွင် တယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများ အားလုံးကောင်းပါသည်။ ထို့ကြောင့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ကြည့်ရှုနိုင်ပါသည်။ သတင်းစာ၊ ဂျာနယ်များကိုလည်း အနည်းအကျဉ်း ရရှိပါသည်။ ကျေးရွာအတွင်းတွင် တစ်ရွာလုံး အချိန်မရွေး စာဖတ် နိုင်သည့် ကျေးရွာစာကြည့်တိုက်မရှိသေးပါ။ ထို့ကြောင့် ရွာသူ/သားများအားလုံး အသိပညာ ဗဟုသုတများ ကြွယ်ဝစေရန် ကျေးရွာစာကြည့်တိုက်တစ်ခုတည်ဆောက်ရန် လိုအပ်နေပါသည်။

**၆။ ပညာရေး**

ဆင်ပုနစ်ကျေးရွာတွင် မူလတန်းအဆင့် ပညာရေးကို ရရှိနိုင်ပြီး ကျောင်းဆောင် (၂) ဆောင်ရှိပါသည်။ (၁) ဆောင်မှာ KG တန်းများသင်ကြားပြီး ကျန်(၁)ဆောင်မှာ (၇၀×၃၀)ပေ ရှိသောအဆောက်အဦတွင် မူလတန်းကျောင်းသားများ ပညာသင်ကြားကြပါသည်။ တစ်ထပ်တိုက်၊ သွပ်မိုး၊ အုတ်ကာနှင့် တည်ဆောက်ထားပြီး မိုးရာသီတွင်လည်း လုံခြုံမှုရှိပါသည်။ ကျောင်းဧရိယာမှာ ကျယ်ဝန်းပြီး သပ်ရပ်မှုလည်းရှိပါသည်။ ကျောင်းဆရာ(၁) ဦးနှင့် ဆရာမ(၆)ဦး စုစုပေါင်း (၇)ဦး ရှိပါသည်။ ကျောင်းသားဦးရေမှာ ကျား(၄၂) ဦးနှင့် မ (၄၆) ဦးရှိသောကြောင့် ကျောင်းအဆောက်အဦနှင့် ကျောင်းသားများလည်း လုံလောက်မှု ရှိပါသည်။ ပညာရေးအခြေအနေမှာလည်း နှစ်တိုင်း အောင်ချက်ကောင်းပါသည်။

သောက်သုံးရေမှာ ကျောင်းပရဝုဏ်အတွင်းရှိလက်တူးတွင်းမှ ရရှိပြီး နောက်ဆုံး (၁) လတွင် သုံးရေမျှသာရရှိသဖြင့်သောက်ရေအား တစ်နေ့လျှင် ရေသန့် ဘူးကြီး (၃) ဘူး ဝယ်ယူသုံးစွဲ ရပါသည်။ ကျောင်းအိမ်သာများမှာလည်း သန့်ရှင်းမှုရှိပြီး လုံလောက်ပါသည်။ ကျောင်းသုံးအားကစားပစ္စည်းများကိုလည်း သုံးစွဲနိုင်မှုရှိပါသည်။ မိဘဆရာအသင်းနှင့် ကျောင်းဆရာမများလည်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါသည်။

ကျေးရွာအတွင်းရှိ ကျန်းမာရေးစုရပ်တွင် ဖွင့်လှစ်ထားရှိသော မူကြိုကျောင်း(၁) ကျောင်းရှိပါသည်။ ထိုမူကြိုကျောင်းသည် မူကြိုကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံမှုမရှိပါ။ ထို့ကြောင့် မူကြိုကျောင်းဆောင်တစ်ဆောင် တည်ဆောက်ရန် လိုအပ်နေပါသည်။ ကျောင်းသားဦးရေမှာ ကျား(၂၄)ဦးနှင့် မ(၁၇)ဦးစုစုပေါင်း(၄၁) ရှိပြီး ဆရာမဦးရေမှာ (၂)ဦးရှိပါသည်။ ငွေကြေးကဏ္ဍတွင် ရွာမှ ကိုယ်ထူကိုယ်ထလစာပေးသဖြင့် အဆင်ပြေသလို စီစဉ်ဆောင်ရွက်နေရပါသည်။ ရုံးပိတ်ရက်များသာပိတ်ရက်ရှိပါသည်။ နွေရာသီကာ ရောက်သောအခါသောက်သုံးရေ အခက်အခဲ ရှိပါသည်။ ကျေးရွာအတွင်းတွင် ရေကားဖြင့် သယ်ယူရန် အကူအညီတောင်း၍ ဆောင်ရွက် နေရပါသည်။

**၇။ ကျန်းမာရေး**

ဆင်ပုနစ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း မရှိပါ။ ကျေးရွာတွင်နေထိုင်သည့် ကျန်းမာရေး ဆရာမလည်း မရှိသဖြင့် ကျေးရွာအတွင်း ကျန်းမာရေး စောင့်ရှောက်မှုများ အချိန်မရွေး မရရှိနိုင်ပါ။ အများအားဖြင့် ဆီးချို၊ သွေးတိုး၊ဒူးနာ၊ချောင်းဆိုး၊ မူးဝေခြင်း၊ မျက်စိနာ၊ ဖျားနာခြင်းများဖြစ်လာလျှင် ဒေါင်းရှောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကုသကြရပါသည်။ ရောဂါပြင်းထန်လာလျှင် ထားဝယ်မြို့နယ်ပြည့်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ကုသရပါသည်။ ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ ငှက်ဖျား၊ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ၊ တီဘီ စသည့်ရောဂါများ အနည်းအကျဉ်း ဖြစ်ပွားမှုရှိပါသည်။ လွန်ခဲ့သော ၁၂လအတွင်းက ကျေးရွာအတွင်းတွင် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး၊ ဆင်ခြေထောက်၊ ပိုလီယိုစသော ကာကွယ်ဆေးများကိုလည်း ထိုးပေးထားပါသည်။ ကျေးရွာအတွင်းကိုယ်ဝန်ဆောင်မိခင်များအတွက် ထောက်ပံ့ကြေးများကို World Vission အဖွဲ့မှ ကူညီဆောင်ရွက်ပေးထားပါသည်။ကျေးရွာအတွင်းတွင် မိုးရာသီတွင်သာရေလုံလောက်မှုရှိပြီး နွေရာသီကာဖြစ်သောတပေါင်း၊တန်ခူး၊ကဆုန်လများတွင်သောက်သုံးရေရှားပါးပါသည်။ကျေးရွာပိုင်ရေတွင်း(၁)တွင်းရှိပြီး ထိုရေတွင်းကိုသာ အမှီပြုပြီးသုံးစွဲနေရပါသည်။ အချို့ဝေးသော သူများကလည်း လာရောက်၍ ခပ်နေကြရပါသည်။ ထို့ကြောင့် ဂါလံ(၃၀၀၀) ဆန့် စင်မြင့် ရေကန်တစ်ခု တည်ဆောက်နိုင်ခဲ့လျှင် ကျေးရွာအတွက် အထောက်အကူများစွာ ပေးနိုင်ပါမည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**ဆင်ပုနစ်ကျေးရွာတွင် ဘေးအန္တရာယ်များအနေဖြင့် ဟိုးအရင်က ရေကြီးမှု ဖြစ်ဖူးသော်လည်း ယခုအချိန်တွင် ချောင်းများ တူးဖော်ပြီးသောကြောင့် ရေကြီးမှုများ မရှိတော့ပါ။ ခိုက်ရန်**

**ဖြစ်ပွားမှု၊ ခိုးမှု၊ လုယက်မှု၊မီးလောင်မှုများလည်း မရှိပါ။စွန့်ပစ်ပစ္စည်းများကို မိမိအိမ်ဝင်းတွင် မီးရှို့ပစ်ပြီး တစ်ရွာလုံးစွန့်ပစ်နိုင်ရန် ကျေးရွာအတွင်း အမှိုက်ကျင်းပြုလုပ်ရန် လိုအပ်နေပါသည်။**

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရပ်ရေးရွာရေးအုပ်ချုပ်မှုပိုင်းတွင် အမျိုးသားများဦးဆောင်ပြီး အမျိုးသမီးများ ပါဝင်မှုမရှိပါ။ သို့သော်လည်း အုပ်ချုပ်မှုစီမံခန့်ခွဲရာတွင် ပိုမိုသေချာမှုရှိစေရေးအတွက် ရပ်မိရပ်ဖအဖွဲ့များတွင် အမျိုးသမီးများပါဝင်ဖွဲ့စည်းထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆိုင်သော အဖွဲ့အစည်းများတွင် အမျိုးသားများကဲ့သို့ အမျိုးသမီးများ၏ပါဝင်မှုလည်း အားကောင်းပါသည်။ ဆင်ပုနစ်ကျေးရွာ၏ လူမှုရေး၊ သာရေးနာရေး၊ ပညာရေး၊ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး၊ ဂေါပကအဖွဲ့၊ နာရေးကူညီမှု၊ လူလတ်အသင်း၊ အပျို/လူပျို၊ ဒါနရွှေအိုး၊ မေတ္တာရှင်စသည့် အကျိုးတော်ဆောင် အဖွဲ့များ ဖွဲ့စည်းထားပါသည်။ ဆင်ပုနစ် ကျေးရွာသူ/သားများသည် မိမိပါဝင်နိုင်သော ကဏ္ဍအသီးသီးမှ ပါဝင် ဆောင်ရွက်နေကြပြီး အဖွဲ့အချင်းချင်း ဆက်သွယ်မှု အားကောင်းပါသည်။ ကျား/မဆိုင်ရာ တာဝန် ယူမှုအပိုင်းတွင်လည်း ကျေးရွာအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ကြသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာတွင် မိန်းမပျို/ အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ပါ။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - မြို့ဟောင်း | | | ကျေးရွာအမည် - ဆင်ပုနစ် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျေးရွာမူကြိုကျောင်း (၄၀'×၂၀'×၁၂') တည်ဆောက်ခြင်းလုပ်ငန်း | ဦးစားပေး-၁ |
| ၂ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာရေစင် ဂါလံ(၂၄၀၀)ဆံ့ရေကန် တည်ဆောက်ခြင်းလုပ်ငန်း | ဦးစားပေး-၂ |
| ၃ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း (၄၈၀၀'×၁၈') အား မြေသားလမ်းမှ ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | ဦးစားပေး-၃ |
| ၄ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာကုန်ထုတ်တံတား (အင်းကြီးတံတား) (၁၅'×၁၀၀'×၁၂') အတွက် အသစ်တည်ဆောက်ခြင်းလုပ်ငန်း | ဦးစားပေး-၄ |
| ၅ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ဆင်ပုနစ်-နတ်တွင်းကျေးရွာချင်းဆက်တံတား (၂၂'×၆'×၈') အတွက် အသစ်တည်ဆောက်ခြင်းလုပ်ငန်း | ဦးစားပေး-၅ |
| ၆ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာအတွင်း ရေပြွန်( ၄ )စင်း (၁၈×၃×၂)ပေအသစ်တည်ဆောက်ခြင်းလုပ်ငန်း | ဦးစားပေး-၆ |
| ၇ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအမျိုးသမီး( အပ်ချုပ်စက်) သင်တန်းများ လိုအပ်ခြင်း | ဦးစားပေး-၇ |
| ၈ | လူငယ်နှင့် အားကစား | အားကစား | ကျေးရွာဘောလုံးကွင်း( ၃၂၀×၂၆၀ )ပေ ပြန်လည်ပြုပြင်မွမ်းမံရန် လိုအပ်ခြင်း | ဦးစားပေး-၈ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

| | |
|---|---|
| ကျေးရွာ | - ဆင်ပုနစ် |
| ကျေးရွာအုပ်စု | - မြို့ဟောင်း |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

**စီမံချက်အမည်** - ကျေးရွာမူကြိုကျောင်း (၄၀×၂၀×၁၂)ပေ တည်ဆောက်ခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိ မူကြိုကျောင်းသည် ကျန်းမာရေးစုရပ်ဖြစ်၍ မူကြိုကျောင်းအင်္ဂါရပ်နှင့် မညီဘဲ မြေနေရာမှာလည်းကျဉ်းမြောင်းပါသည်။
- လမ်းဆုံလမ်းခွတွင်ရှိသောကြောင့်ဆူညံသံများခြင်း ၊ဖုန်များလည်းထူထပ်ပြီး ကလေးများကျန်းမာရေးနှင့် ညီညွတ်မှုမရှိခြင်း၊ ကျောင်းပတ်ဝန်းကျင်သည် လမ်းဘေးဖြစ်နေသောကြောင့် ကလေးများအတွက် ယာဉ်အန္တရာယ်များ စိုးရိမ်ရခြင်း
- အဆောက်အဦသည် သေးငယ်သောကြောင့် ကလေးများ ကစားခြင်း၊ စာသင်ခြင်း၊ အိပ်ခြင်းတို့တွင် နေရာများလွတ်လပ်မှုမရှိဘဲ ကျပ်တည်းစွာ နေရပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- မူကြိုကျောင်း အင်္ဂါရပ်နှင့် ပြည်စုံစေရန်
- ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် နေရာကောင်းတစ်ခုရရှိရန်
- ကလေးငယ်များ ဘေးအန္တရယ်ကင်းစွာ ပညာသင်ကြားနိုင်ရန်
- အနာဂတ်ကြယ်ပွင့်ကလေးများအတွက် ပြုစုပျိုးထောင်သော အရိပ်တစ်ခု ကောင်းမွန်စွာရရှိရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- မူကြိုကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံခြင်းကြောင့် ကျေးရွာ၏ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည်။
- ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူများ ဖြစ်လာမည်။
- ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်မည်။
- ကလေးများ လွတ်လပ်စွာ ကစားခြင်း၊ မိဘများ စိုးရိမ်ပူပန်မှုမရှိဘဲ အလုပ်လုပ်နိုင်လာမည်ဖြစ်ပါသည်။
- နောက်အနာဂတ်တွင် ထွန်းလင်းတောက်ပသော ကျောင်းသားငယ်များဖြစ်လာနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျေးရွာမူကြိုကျောင်း (၄၀×၂၀×၁၂)ပေ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၂၀၀၀၀၀၀)ကျပ် ဖြစ်ပါသည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• ၂၀၀၀၀၀၀ (ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၉၀ | ၃၂၄ | ၆၁၄ | ၁၃ | ၂၆ | ၅၆ | ၃၄ | ၁၂၉ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၄ | ၁၇ | ၄၁ | ၇ | ၂၀ | ၁၁ | ၂ | ၄၁ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ဆင်ပုနစ်ကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက် စတင်မည့် အချိန်ခန့်မှန်း-** ဇူလိုင်လ (တတိယပတ်) (၂၀၁၈) |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** - စက်တင်ဘာလ (ပထမပတ်) (၂၀၁၈) |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျေးရွာမှ ထည့်ဝင်ငွေ (၂,၀၀၀,၀၀၀) ကျပ်အပြင် လုပ်အား အပြည့်အဝ ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။<br>• မူကြိုကျောင်းဆောင် ရေရှည်ကောင်းမွန် ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

<table>
<tr><td colspan="2">ကျေးရွာ - ဆင်ပုနစ်<br>ကျေးရွာအုပ်စု - မြို့ဟောင်း<br>မြို့နယ် - လောင်းလုံး<br>တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ</td></tr>
<tr><td colspan="2">စီမံချက်အမည် - စင်မြင့်ရေကန်ဂါလံ(၂၄၀၀၀)ဆန့် တည်ဆောက်ခြင်းလုပ်ငန်း</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>➢ ယခုလက်ရှိဆင်ပုနစ်ကျေးရွာသည် ရေအလွန်ရှားပါးသောကျေးရွာမဟုတ်သလို ရေပေါသော ကျေးရွာလည်းမဟုတ်ပါ။<br>➢ အိမ်ထောင်စုပေါင်း (၁၀၀)ကျော်တွင် ကိုယ်ပိုင်ရေတွင်းရှိသည့်အနက်မှ တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် ကျေးရွာ၏ အဓိကအပိုင်းဖြစ်သော ယခုလက်ရှိမူကြိုကျောင်းနှင့် အနီးတစ်ဝိုက်ရှိ အိမ်ထောင်စုပေါင်း (၅၀) ကျော်သည် ရေအခက်အခဲနှင့် ရင်ဆိုင်နေရပါသည်။<br>➢ လက်ရှိတွင် ရေတွင်းသည် အများသုံးရေတွင်းဖြစ်နေ၍ သန့်ရှင်းမှုများမရှိခြင်း၊ စနစ်တကျ သုံးစွဲမှုမရှိခြင်းများ ဖြစ်နေပါသည်။</td></tr>
<tr><td colspan="2">စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>➢ စင်မြင့်ရေကန်တည်ဆောက်ပေးမည်ဆိုပါက နွေရာသီတွင် ရေရှားပါးသောအိမ်ထောင်စုများအတွက် အချိန်မရွေး ရေသုံးစွဲနိုင်ရန်၊<br>➢ ရေပိုက်လိုင်းများဖြင့် သုံးစွဲရသောကြောင့် သန့်ရှင်းသန့်ရပ်မှုရှိလာပြီး လူနေမှုအဆင့်အတန်း များလည်း မြင့်မားလာစေရန်၊<br>➢ လူ၊ တိရစ္ဆာန်တို့အတွက် ကျန်းမာသန့်ရှင်းသောသောက်သုံးရေများ သုံးစွဲလာနိုင်စေရန်။</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>➢ နွေရာသီတွင် အချိန်မရွေး ရေကို သုံးစွဲလာနိုင်မည်။<br>➢ အချိန်ကုန်သက်သာပြီး ကျန်းမာသန့်ရှင်းသော သောက်သုံးရေကို သုံးစွဲလာနိုင်မည်။<br>➢ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည်။</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>➢ စင်မြင့်ရေကန်ဂါလံ(၂၄၀၀၀) ဆန့် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၉၀၀၀၀၀၀) ကျပ်ဖြင့် ဆောက်ရွက်ပါမည်။</td></tr>
<tr><td colspan="2">စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့် အစီအစဉ်</td></tr>
<tr><td>• ၉၀၀၀၀၀၀ (ငွေသား)<br>• (ငွေသား)<br>• ပိုက်နှင့် လုပ်အား</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၉၀ | ၃၂၄ | ၆၁၄ | ၁၃ | ၂၆ | ၅၆ | ၃၄ | ၁၂၉ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၉၀ | ၃၂၄ | ၆၁၄ | ၁၃ | ၂၆ | ၅၆ | ၃၄ | ၁၂၉ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာရေကော်မတီအဖွဲ့၊ ကျေးရွာတာဝန်ခံ၊ ရပ်မိရပ်အဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** -၂၀၁၉ခု အောက်တိုဘာလ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၀ခု စက်တင်ဘာလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး ရေကော်မတီဖွဲ့စည်းခြင်း၊ ရေကိုထိန်းသိမ်းမည့်နည်းလမ်း၊ စနစ်တကျသုံးစွဲပုံများအား ရှင်းလင်းပြောကြားပါမည်။
- ကျေးရွာအတွင်းသို့ ရေပိုက်သွယ်တန်းရန်အတွက် အလှူငွေထည့်ဝင်နိုင်မှု၊ လုပ်အားပါဝင်နိုင်မှု၊ ပစ္စည်းများလှူဒါန်းနိုင်မှုများ ရှင်းလင်းပြောကြားပြီး ကျေးရွာမှ တတ်နိုင်သလောက် ကူညီဆောင်ရွက်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းဆောင်ရွက်ပါက ရေကော်မတီနှင့် ကျေးရွာတာဝန်ခံ၊ ရပ်မိရပ်ဖအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ပါမည်။
- သက်ဆိုင်ရာ ဦးစီးဌာနနှင့် ညှိနှိုင်း၍ ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းပြီးစီးပါကရေရှည်တည့်တံ့ရေးအတွက် ကျေးရွာနေပြည်သူများနှင့် ရေသုံးစွဲနေသူများ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားပါမည်။

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

ကျေးရွာ - ဆင်ပုနစ်
ကျေးရွာအုပ်စု - မြို့ဟောင်း
မြို့နယ် - လောင်းလုံး
တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ

**စီမံချက်အမည် -** ကျေးရွာတွင်း ရွာပတ်လမ်း ( ၄၈၀၀×၁၈)ပေအား မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- လက်ရှိအခြေအနေတွင် ရွာပတ်လမ်းသည် မြေနီလမ်း၊ သဲလမ်းဖြစ်ပါသည်။
- မိုးရာသီကာလသို့ ရောက်လျှင် ရေတိုက်စား၍ လမ်းများပျက်စီးခြင်း၊ မြေကျွံခြင်းများဖြစ်သော ကြောင့် သွားရေးလာရေးခက်ခဲနေပါသည်။
- ကျေးရွာအတွင်း ရေမြောင်းများမရှိ၍ မိုးရာသီတွင် လမ်းရေကျော်ခြင်း၊ အမှိုက်များ စုပုံခြင်းများ ဖြစ်နေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကွန်ကရစ်လမ်း ပြုလုပ်ပေးမည်ဆိုပါက လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်
- ရာသီမရွေး သွားလာမှုလွယ်ကူစေရန်
- စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- မိုးရာသီတွင် သွားရေးလာရေး လွယ်ကူချောမွေ့လာမည်။
- ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်။
- ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် အချိန်ကုန်သက်သာခြင်း၊ ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်ရာ၌ အခက်အခဲမရှိ သွားလာနိုင်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျေးရွာတွင်း ရွာပတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၄၈၀၀×၁၈) ပေနှင့် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်း

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၄၃၆၀၀၀၀၀(ငွေသား) | • ကျေးလက်ဦးစီး |
| • (ငွေသား) | • ကျေးရွာ |
| • လုပ်အား | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၉၀ | ၃၂၄ | ၆၁၄ | ၁၃ | ၂၆ | ၅၆ | ၃၄ | ၁၂၉ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၉၀ | ၃၂၄ | ၆၁၄ | ၁၃ | ၂၆ | ၅၆ | ၃၄ | ၁၂၉ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖအဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့။
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၉ခု အောက်တိုဘာလ**

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၀ခု စက်တင်ဘာလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်း ပြောကြားပါမည်။
- ထို့နောက် အလှူငွေထည့်ဝင်နိုင်မှု၊ လုပ်အားထည့်ဝင်နိုင်မှု၊ ပစ္စည်းပါဝင် ဆောင်ရွက်နိုင်မှုတို့အား ရှင်းလင်းပြောကြားပြီး ကျေးရွာမှ တတ်နိုင်သလောက် ကူညီဆောင်ရွက် ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်း၊ ကော်မတီနှင့်ရပ်မိရပ်ဖ၊ နာယကအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ပါမည်။
- သက်ဆိုင်ရာဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။
- လုပ်ငန်းပြီးစီးပါက ရေရှည်တည့်တံ့ရေးအတွက် ကျေးရွာနေ ပြည်သူများနှင့် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပါမည်။

# ဆင်ပုနစ်ကျေးရွာ၊ မြို့ဟောင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးတိုးဝင်း | ဦးဘရှိ | ၆/လလန(နိုင်) ၀၂၂၁၅၄ | ၅၉ | နာယက | ၀၉-၂၅၀၆၁၄၅၉၃ |
| ၂ | ဦးရန်မျိုး | ဦးကြည်ဝင်း | ၆/လလန(နိုင်) ၀၈၆၉၁၉ | ၃၈ | နာယက | ၀၉-၄၂၂၁၉၀၈၈၆ |
| ၃ | ဦးဇော်မိုး | ဦးအေးညွန့် | ၆/လလန(နိုင်) ၀၇၃၈၁၀ | ၄၈ | နာယက | ၀၉-၂၆၀၇၆၀၆၆၁ |
| ၄ | ဦးသိန်းစွမ်ဦး | ဦးဉာဏ်သိန်း | ၆/လလန(နိုင်) ၀၈၂၄၃၉ | ၄၅ | ဥက္ကဋ္ဌ | ၀၉-၂၅၀၇၇၁၆၃၆ |
| ၅ | ဦးသိန်းငွေ | ဦးသောင်းဖေ | ၆/လလန(နိုင်) ၀၂၂၁၂၂ | ၄၈ | အတွင်းရေးမှူး | ၀၉-၄၂၂၂၁၅၀၀၈ |
| ၆ | ဒေါ်ယဉ်ယဉ်ထွေး | ဦးအောင်ထွန်း | ၆/လလန(နိုင်) ၀၈၇၉၀၂ | ၄၅ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၃၂၈၈၁၁၈ |
| ၇ | ဦးမောင်ကြည် | ဦးဘမွေး | ၆/လလန(နိုင်) ၀၆၈၅၁၃ | ၆၇ | စာရင်းစစ်-၁ | ၀၉-၂၅၀၂၄၄၃၇၀ |
| ၈ | ဒေါ်ဖြူဖြူအေး | ဦးစုနီ | ၆/လလန(နိုင်) ၀၉၀၃၇၇ | ၃၅ | စာရင်းကိုင် | ၀၉-၄၅၅၈၃၇၃၆၆ |
| ၉ | ဒေါ်သန်းသန်းထွေး | ဦးဟန်ဆွေ | ၆/လလန(နိုင်) ၁၁၁၂၉၉ | ၂၆ | စာရင်းစစ်-၂ | ၀၉-၂၅၂၀၁၇၂၀၂ |
| ၁၀ | ဒေါ်အေးအေးဆက် | ဦးသစ်ရွှေ | ၆/လလန(နိုင်) ၀၆၈၄၃၆ | ၄၄ | အဖွဲ့ဝင် | ၀၉-၄၂၂၂၀၂၅၇၅ |
| ၁၁ | ဒေါ်ဇင်ဇင်မိုး | ဦးကြည်ဝင်း | ၆/လလန(နိုင်) ၁၀၅၃၈၁ | ၃၄ | အဖွဲ့ဝင် | ၀၉-၄၂၂၂၀၇၉၅၃ |
| ၁၂ | ဦးဖွဲကို | ဦးထွန်းငွေ | ၆/လလန(နိုင်) ၁၄၂၈၅၇ | ၂၄ | အဖွဲ့ဝင် | ၀၉-၇၇၂၉၁၃၄၉၅ |

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၃ | ၂၃ | ၄၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၃၇ | ၆၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၂၅ | ၅၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၇၈ | ၂၀၁ | ၄၄၄ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၃၃ | ၅၄ |
| စုစုပေါင်း | | ၂၉၀ | ၃၂၄ | ၆၁၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၉ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။ ဆင်ပုနစ်ကျေးရွာတွင် (၁)နှစ်အောက်ကလေးများ နည်းပါးပါသည်။ (၅)နှစ်အောက်ကလေးများ အသင့်အတင့်ရှိပါသည်။ (၅)နှစ်မှ (၉)နှစ်အထိ မူလတန်းကျောင်းသားအရွယ်ကလေးများ ပညာရေးအခြေအနေကောင်းပါသည်။ အလယ်တန်းပညာရေးလည်း ကောင်းပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေသည် အများဆုံးဖြစ်ပါသည်။ (၆၅)နှစ်အထက် သက်ကြီးရွယ်အိုအိမ်ထောင်စုမှာ အနည်းငယ်ရှိပါသည်။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုမိသားစုမှာ (၂)စု ရှိပြီး စားဝတ်နေရေး အခက်အခဲများရှိနေပါသည်။ ထို့ကြောင့် နီးစပ်ရာအိမ်နီးချင်းများမှ ကူညီစောင့်ရှောက်ထားရပါသည်။

## (၂)သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၂၅.၅ | သင့် | ကောင်း | မြေအောက်ရေ |
| ယာမြေ/တောင်ယာ | - | - | - | - |
| ဥယျာဉ်ခြံမြေ | ၁၃၄ | သင့် | သင့် | မြေအောက်ရေ |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| မြေလွတ်မြေလပ် | - | - | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| စုစုပေါင်း | ၃၅၉.၅ | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ဆင်ပုနစ်ကျေးရွာတွင် လယ်မြေ(၂၂၅.၅)ဧကခန့် ရှိပါသည်။ ဥယျာဉ်ခြံမြေမှာ (၁၃၄) ဧကခန့်ရှိပြီး စီးပွါးဖြစ် စိုက်ပျိုးလုပ်ကိုင်သူများ ရှိသကဲ့သို့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်သူများလည်းရှိကြသည်။ လယ်မြေများသည် မြေဆီလွှာအရည်အသွေးနည်းပါးခြင်း၊ မြေယာပြုပြင်မှု အားနည်းခြင်း၊ဓာတ်မြေဩဇာများကိုလည်း စနစ်တကျ အသုံးပြုမှု မရှိခြင်း တို့ကြောင့် စပါးအထွက်နှုန်း လျော့နည်းခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေး ဥယျာဉ်ခြံမြေများသည် အတော် အသင့် အဆင်ပြေမှုရှိပြီး မြေအောက်ရေကိုသာ အဓိကထားသုံးစွဲနေရပါသည်။

(၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လက်လှမ်းမမှီ |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် – ၂၈ ဒီဂရီစင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန် – ၁၈၉.၇၂ဒီဂရီစင်တီဂရိတ် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်၊ ။ဆင်ပုနစ်ကျေးရွာတွင် ကာဗွန်(ဓာတ်ငွေ့/ရေနံ) မှာ ထွက်ရှိမှုများ မရှိခဲ့ပါ။ အခြားသဘာဝအရင်းများ အနေဖြင့် တိရစ္ဆာန်မျိုးစိတ်များ မရှိသလောက်နည်းပါးပြီး သဘာဝအပင်မျိုးစိတ်များ၊ ဆေးဖက်ဝင်အပင်များကိုလည်း အနည်းငယ်တွေ့ရှိရပြီး အသုံးပြုနိုင်မှုမှာ ခက်ခဲပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

### ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အပျို/လူပျို၊ ယုဝယုဝတီ၊ ဂေါပက | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ရပ်ရွာအကျိုးအတွက် မရှိမဖြစ် ခိုင်မာတောင့်တင်းမှုရှိပါသည်။ |
| ၂ | လူလတ် အသင်း | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ခိုင်မာတောင့်တင်းမှု အကောင်းဆုံး ဖြစ်ပါသည်။ |
| ၃ | သာရေး/ နာရေး | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | စွမ်းဆောင်ရည် ကောင်းပါသည်။ |
| ၄ | ကလေးသူငယ်ဖွံ့ဖြိုးရေး | ၁☐ ၂✓ ၃☐ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာအတွင်း မိခင်(၃)မျိုး၊ သာရေး၊နာရေး၊ဘာသာရေးနှင့် ပညာရေးပါဆောင်ရွက်ပေးသောကြောင့် ခိုင်မာတောင့်တင်းမှုရှိပါသည်။ |
| ၅ | မေတ္တာပို့/ မေတ္တာရှင် | ၁☐ ၂☐ ၃✓ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | စွမ်းဆောင်ရည် အသင့်အတင့် ရှိပါသည်။ |
| ၆ | ဒါနရှေ့အိုး | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | စွမ်းဆောင်ရည် အသင့်အတင့် ရှိပါသည်။ |
| ၇ | | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းတွင် ကလေးကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ရွာအတွက် (မူကြိုဆရာမလစာ၊ မိခင်(၃)မျိုး၊ သာရေးနာရေး၊ အိမ်သာ(တစ်ကိုယ်ရေကျန်းမာရေး)တို့အတွက် ထောက်ပံ့မှု အားအကောင်းဆုံးဖြစ်ပါသည်။ လူလတ်အသင်းနှင့် ဘာသာရေးအဖွဲ့များသည်လည်း စွမ်းဆောင်မှုအားအကောင်းဆုံးဖြစ်ပါသည်။ ကျန်အဖွဲ့များသည် သူ့ကဏ္ဍနှင့်သူ ကျေးရွာအတွက် များစွာ အထောက်အကူပြုနေကြပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၈ကေမှ ၁၅ကေကြား | ၄ကေမှ ၇ကေအကြား | ၃ကေမှ ၁ကေအကြား | ၀.၅ကေမှ အောက် |
| အိမ်အခြေအနေ | တိုက်၊၂ထပ်၊ အုတ်ကာ၊ သွပ်မိုး | တိုက်(၁)ထပ်၊ အုတ်ကာ၊ သွပ်မိုး | သစ်အိမ်၊ ပျဉ်ထောင်အိမ်၊ သွပ်မိုး | သစ်တိုင်၊ထရံကာ၊ ဓနိမိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ စပါးခြွေစက်၊ လယ်ထွန်စက်၊ ထော်လာဂျီ | ဆိုင်ကယ်၊ ထော်လာဂျီ၊ လယ်ထွန်စက် | ဆိုင်ကယ် | ဆိုင်ကယ် |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ ရော်ဘာ | သီဟိုဠ်၊ ရော်ဘာ | လယ် | နေစား၊ ကျပန်း |
| အိမ်ထောင်စု | ၁၃ | ၂၆ | ၅၆ | ၃၄ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအိမ်ထောင်စု၏ (၄၀%) သည် ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြသည်။ အဆင်ပြေသောအိမ်ထောင်စုတွင် လယ်(၈-၁၅) ကေကြားပိုင်ဆိုင်သူများဖြစ်ကြပြီး အချို့မှာ လယ်မြေများမရှိဘဲ ကား၊ ဆိုင်ကယ်၊ စပါးခြွေစက်၊ လယ်ထွန်စက်နှင့် အိမ်အခြေအနေမှာ နှစ်ထပ်တိုက်များ ဖြစ်ကြ၍ အချို့မှာ ကုန်စုံဆိုင်များ ဖွင့်လှစ်ရောင်းချသူများဖြစ်ကြသည်။ အလယ်အလတ်အိမ်ထောင်စုမှာ (၂၆) အိမ်ရှိပြီး ယေဘုယျအားဖြင့် လယ်မြေ(၄-၇)ကေကြား ဆိုင်ကယ်၊ ထော်လာဂျီ၊ ဥယျာဉ်ခြံအနည်းငယ်ပိုင်ဆိုင်သူများဖြစ်ကြသည်။ အိမ်အခြေအနေမှာ (၁)ထပ်တိုက်၊ သွပ်မိုးအိမ်များဖြစ်ကြပြီး မိသားစုအချို့မှာ အိမ်ဆိုင်ငယ်လေးများ ဖွင့်လှစ်ရောင်းချ သူများ ဖြစ်ကြသည်။ ဝင်ငွေနည်းမိသားစုများမှာ ကျေးရွာအိမ်ထောင်စု၏ (၄၃%)ဖြစ်ပြီး ဆိုင်ကယ်

(၁)စီး ပိုင်ဆိုင်၍ အိမ်အခြေအနေမှာ ပျဉ်ထောင်အိမ်များ ဖြစ်ကြသည်။ ဝင်ငွေအနည်းဆုံးသော မိသားစုများမှာ အိမ်ထောင်စု၏ (၂၆%)ဖြစ်ပြီး နေ့စားကျပန်းလုပ်သားများဖြစ်ကြသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၉ | ၂၂.၄၈ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ်တာထိ) | ၅၁ | ၃၉.၅၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၃ | ၁၇.၈၃ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၂၄ | ၁၈.၆ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၂ | ၁.၅၅ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၂၉ | ၁၀၀% | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေယာမဲ့အိမ်ထောင်စု(၂၉)အိမ်ခန့်ရှိ၍ ၎င်းတို့မှာ အခြားမြေယာများ၌ အငှားလုပ်ကိုင်နေကြရသည်။(၂.၅)ဧကအောက်အထိရှိသော အိမ်မှာ (၅၁)အိမ်ခန့်ရှိ၍ (၂.၅) ဧကမှ (၅)ဧကကြား ထိရှိသော အိမ်ထောင်စုမှာ (၂၃)အိမ်ခန့်ရှိ၍ (၁၂.၅)ဧက အထက်ရှိသော အိမ်မှာ (၂၄)အိမ်သာ ရှိပါသည်။ (၅-၁၂.၅)ဧက ကြားရှိ အိမ်မှာ (၂) အိမ်သာရှိပြီး သူတို့ပိုင်ဆိုင်သော မြေယာများကို အဆင်ပြေသလို လုပ်ကိုင်စားသောက်နေရပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား** (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၂၂၅.၅ | တင်း | ၃၀ | ၆၀ | ၄၅ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တစ်ရွာလုံးတွင် စပါးကို အဓိကသီးနှံအဖြစ် အများဆုံးစိုက်ပျိုးပါသည်။ မျိုးကောင်းမျိုးသန့် စပါးလက်လှမ်းမီမှုမရှိခြင်း၊ မြေဆီလွှာအရည်အသွေး မကောင်းခြင်း၊ ဓာတ်

မြေသြဇာ များကို စနစ်တကျအသုံးပြုမှုမရှိခြင်း၊ မြေယာပြုပြင်မှုမရှိခြင်း၊ ချောင်းတိမ်ကော၍ ရေကြီးရေလျှံမှုများ ဖြစ်ခြင်းကြောင့် စပါးအထွက်နှုန်း ကျဆင်းနေရပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း သွင်းအားစုလိုအပ်ချက်များပြား၍ အကျိုးအမြတ်ရရှိမှုမှာ အတော်နည်းပါးပါသည်။ စပါးဈေးကွက်လက်လှမ်းမှီမှုလည်း အားနည်းပါသည်။ ရော်ဘာပင်စိုက်ပျိုးသူများလည်း အနည်းငယ်ရှိပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၃၃ | ၁၁၂ |
| **နို့စားနွား** | ၁ | ၂ |
| **ကျွဲ** | - | - |
| **မြင်း** | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၃ | ၁၈ |
| သိုး | - | - |
| ဝက် | ၃၄ | ၁၃၄ |
| ကြက် | ၇၇ | ၁၃၁၄ |
| ဘဲ | ၁၁ | ၁၁၄ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုစွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါသည်။ မွေးမြူရေးနှင့်ပတ်သက်ပြီး တိရစ္ဆာန်များမှာ နွား၊ ဝက်၊ ကြက်၊ ဘဲတို့ကို မွေးမြူကြပြီး ဆိတ်နှင့် နို့စားနွားကို အနည်းငယ်သာ မွေးမြူကြပါသည်။ ကြက်မွေးမြူရေး လုပ်ကိုင်သည့် အိမ်ထောင်စုမှာ (၇၇) အိမ်ရှိ၍ စီးပွားဖြစ်လုပ်ကိုင်သည့် အိမ်ထောင်စုမှာ (၁) အိမ်မှာ ကြက်အကောင်ရေ (၅၀၀) ကျော် မွေးမြူထားပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | ၁ | - | ၁ | လတ် |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၄ | ၇ | ၂ | မြင့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၂ | ၃ | - | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၈ | - | ၃ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၆ | ၁ | - | နိမ့် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၅ | - | - | လတ် |
| ၁၃ | ကျန်းမာရေး | ၁ | - | - | လတ် |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အ ထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ ကိုင်သူဦးရေ** | ၂၇ | ၁၁ | ၆ | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် လက်သမားနှင့် ပန်းရံလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ စတီးသံပန်း၊ အုတ်ကြွပ်လုပ်ငန်းလုပ်ကိုင်သူ၊ လက်လီလက်ကား ရောင်းဝယ်နေသော ဈေးဆိုင်များလည်း ရှိပါသည်။ ပညာရေးဝန်ထမ်း ဆရာမ(၅) ဦးရှိပြီး၊ ကျေးရွာမှ ကျန်းမာရေးဆရာမ(၁)ဦးရှိသော်လည်း အခြားကျေးရွာတွင် တာဝန်ကျနေပါသည်။ ကားများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်စားသောက်နေသူများလည်းရှိပြီး နေ့စားကျပန်း လုပ်ကိုင်သူများလည်း ရှိကြပါသည်။

## (၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ) (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)** | မြို့ဟောင်း(ရှင်ဇလွန်ဈေး) | ထားဝယ် (ကမ်းနားဈေး) |
| **ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင်✓ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်✓ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင်✓ စက်ဘီး✓ ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ✓ ရထား ☐ သုံးဘီးဆိုင်ကယ် ✓ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ဆင်ပုနစ်ကျေးရွာမှ မြို့ဟောင်းကျေးရွာဈေးသို့ ခြေလျင်၊ ဆိုင်ကယ်တို့ဖြင့် သွားနိုင်ပြီး အကွာအဝေးမှာ (၇) ဖာလုံခန့် ရှိပါသည်။ သယ်ယူပို့ဆောင်ရေး နည်းလမ်းများမှာ ဆိုင်ကယ်ကိုသာ အဓိက အသုံးပြုနေကြပါသည်။ ကုန်စည်အမျိုးအစား ကောင်းမွန်သော်လည်း ဝန်ဆောင်မှုမှာ အသင့်အတင့် ရှိပါသည်။ အနီးဆုံးဈေးတွင် ကုန်စည်မျိုးစုံ မရနိုင်သော်လည်း အကြီးစားကျေးရွာတွင် ကုန်စည်မျိုးစုံ ရရှိပြီး ဈေးနှုန်းလည်း သက်သာမှု ရှိပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁✓၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့✓ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး✓ | ၀–၁ မိုင်✓ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ချဉ်းကပ်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁✓၂☐၃☐ ၄☐၅✓ | ကောင်း✓<br>သင့်☐<br>ညံ့✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး✓ | ၀–၁ မိုင်✓<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ဆင်ပုနစ်ကျေးရွာတွင် မြို့ဟောင်း-ဆင်ပုနစ်-ဒေါင်းရှောင်ကျေးရွာ ချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး အရည်အသွေးမှာ ကောင်းမွန်ပါသည်။ ဆင်ပုနစ်-နတ်တွင်းကျေးရွာ ချင်းဆက်လမ်းသည် မြေသားလမ်းဖြစ်ပြီး နွေရာသီတွင်ဖုန်များထ၍ မိုးရာသီတွင် လမ်းများပျက်စီးသဖြင့် သွားရေးလာရေးအတွက် ခက်ခဲပါသည်။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပါသည်။ လမ်း၏ အရည်အသွေးမှာ အလွန်ညံ့နေပါသည်။ မိုးရာသီကာလတွင် လမ်းများပျက်စီးပြီး၊ ဗွက်အိုင်များဖြစ်ကာ သွားလာရခက်ခဲပါသည်။ သို့သော်လည်း ကျေးရွာမှ လူငယ်များနှင့် လူကြီးများစုပြီး တစ်နှစ်တွင် သုံးကြိမ်လောက် လမ်းများပြုပြင်ပြီး သွားလာကြပါသည်။ သွားလာ ရေး ပိုမိုအဆင်ပြေချောမွေ့စေရန် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့် တင်နိုင်လျှင် အကောင်းဆုံး ဖြစ်ပါမည်။

## (၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ဖလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကွန်ကရစ် တံတား | ၂၂'×၃၀'×၁၄' | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ | ဖလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ✓<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး✓ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ဖလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ဖလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐ | ဖလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| | | ညံ့ ☐ | ၅နှစ် အထက်☐ | |
| ရေပြွန် | ၂၂'×၅'×၅' | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ✓<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐တစ်နှစ်ပတ်လုံး ✓ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ဆင်ပုနစ်ကျေးရွာအတွင်းတွင် Box Culvert (၅)စင်း နှင့် ရေပြွန် (၆)စင်းရှိပြီး တံတား၏ အရည်အသွေးမှာ ကောင်းမွန်ပါသည်။ ကျေးရွာချင်းဆက်လမ်းများပေါ်တွင် ဒေါင်းရှောင်ကျေးရွာမှ တံတား(၂)စင်း၊ နတ်တွင်းကျေးရွာမှ တံတား(၃)စင်းနှင့် မြို့ဟောင်း ကျေးရွာမှ တံတား(၁) စင်း ရှိပြီး အရည်အသွေးမှာ ကောင်းမွန်ပါသည်။ လယ်ယာကုန်ထုတ်လမ်းသို့ သွားသော သစ်သားတံတား (၁၅×၁၀၀×၁၂)ပေသည် သက်တမ်းကြာနေပြီး သစ်များလည်းပျက်စီး နေသဖြင့် လယ်ယာလုပ်ကိုင်သူများ သွားလာရေးအတွက် အခက်အခဲများဖြစ်နေပါသည်။ ထိုသစ်သားတံတားဖြင့် သွားလာမည့် လယ်ဧကပေါင်း (၂၁၂)ဧက လောက်ရှိပါသည်။ ထိုကြောင့် ၎င်းသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်မည်ဆိုလျှင် လယ်ယာ လုပ်ကိုင်သူများအတွက် အလွန်အဆင်ပြေလာမည်ဖြစ်ပါသည်။**

## (၅.၄) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐တစ်နှစ်ပတ်လုံ း☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**၁ – လှေ၊သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

လေ့လာတွေ့ရှိချက်။ ။ဆင်ပုနစ်ကျေးရွာနံဘေးပတ်လည်တွင်မြစ်များမရှိသဖြင့် မြစ်ကြောင်း၊ ပင်လယ်ရေကြောင်းဖြင့် သယ်ယူပို့ဆောင်မှုများမရှိပါ။

## (၅.၅) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၄) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၇၆ | ၁၁၉ | ၁ | ၈ | ၃ | - | - |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ဆင်ပုနစ်ကျေးရွာ သယ်ယူပို့ဆောင်ရေးတွင် ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များကိုသာ ဦးစားပေးအသုံးပြုကြပါသည်။ ထားဝယ်သို့ သွားလျှင် လူတစ်ဦးအား ကားခ (၁၅၀၀)ကျပ်ပေးရပြီး ဆိုင်ကယ်(တက္ကစီ)ဖြင့် သွားပါက (၃၀၀၀)ကျပ်ပေးရပါသည်။ စက်ဘီးများကိုမူ ကျောင်းသူ/သားများမှ အဓိကအသုံးပြုကြပြီး၊ ထော်လာဂျီများကို လယ်များလုပ်ကိုင်ရာတွင် သော်လည်းကောင်း၊ ကျေးရွာအနီးအနား ပစ္စည်းသယ်ယူပို့ဆောင်ရာတွင်သော်လည်းကောင်း အသုံးပြုကြပါသည်။

## (၅.၆) လျှပ်စစ်မီးရရှိမှု

ဇယား (၁၅) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | - |
| ဆိုလာစနစ် | ၃၇ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၆၂ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၃၅ |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆင်ပုနစ်ကျေးရွာတွင် ယခင်က ရွာမှ ပေးသော ဒီဇယ်အင်ဂျင်သုံး လျှပ်စစ်မီးကိုသာ အသုံးပြုကြပါသည်။ ဆိုလာစနစ်ကို အသုံးပြု၍ လျှပ်စစ်မီးသုံးစွဲနေသူများ လည်းရှိပါသည်။ လျှပ်စစ်အသုံးမပြုနိုင်သော အိမ်ထောင်စုများမှ ရေနံဆီမီးခွက်၊ ဖယောင်းတိုင် မီးစသည့်တို့ကို အသုံးပြုကြပါသည်။ ယခုအချိန်တွင် ကျေးရွာအတွင်းသို့ မီးတိုင်များ၊ Transformer များလည်း တပ်ဆင်ထားပြီး (၂၄)နာရီမီးများကိုလည်း ဖြန့်ဝေပေးထားပြီး ဖြစ်သောကြောင့် အိမ်ထောင်စုအများအပြားလည်း လျှပ်စစ်မီး သုံးစွဲနိုင်တော့မည်ဖြစ်ပါသည်။ ကျောင်းသူ/သားများ အချိန်မရွေးစာလေ့လာနိုင်ပြီး အသေးစား စီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်လာနိုင်တော့မည် ဖြစ်ပါသည်။

(၅.၇) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၂၃၃ | ၄၁ | ၈၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ဆင်ပုနစ်ကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၂၃၃)လုံး ရှိပြီး ဖုန်းလိုင်းဆက်သွယ်ရေးမှာ ကောင်းမွန်ပါသည်။ ရေဒီယိုကို လူကြီးပိုင်းအနည်းစုသာ အသုံးပြုကြပါသည်။ ဖုန်းလိုင်းများကောင်းမွန်သဖြင့် အင်တာနက်မှတစ်ဆင့် သတင်းအချက်အလက်များ၊ အသိပညာဗဟုသုတများရယူမှုတွင် အချိန်နှင့်တပြေးညီ ရရှိနိုင်သောကြောင့် အားသာချက်များ ရှိနေပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၇) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၃ | ၃၉ | ၇၂ |
| အလယ်တန်း | ၂၉ | ၂၃ | ၅၂ |
| အထက်တန်း | ၅ | ၁၂ | ၁၇ |
| တက္ကသိုလ်/ကောလိပ် | ၃ | ၉ | ၁၂ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် “ဘုန်းကြီးကျောင်းသင်ပညာရေး” ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဆင်ပုနစ်ကျေးရွာတွင် (၂၀ x ၃၀)ပေရှိသော အဆောက်အဦတွင် KG တန်းများတက်ရောက်သင်ကြားနေကြပြီး မူကြိုကျောင်းတွင် ကျား (၂၄)ဦး၊ မ(၁၇)ဦး စုစုပေါင်း (၄၁)ဦးတို့မှ တက်ရောက်သင်ကြားနေပါသည်။ ကျေးရွာရှိ မူလတန်းကျောင်းတွင် ကျား(၃၃) ဦး၊ မ(၃၉)ဦးရှိပြီး၊ အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသူဦးရေမှာ ကျား (၂၉)ဦး၊ မ(၂၃)ဦး၊ အထက်တန်းအဆင့်တွင် ကျား (၅)ဦး၊ မ(၁၂)ဦးရှိပါသည်။ လက်ရှိ တက္ကသိုလ်တက်ရောက်သင်ကြားနေသူဦးရေမှာ ကျား(၃)ဦး၊ မ(၉)ဦး စုစုပေါင်း (၁၂)ဦး ရှိနေပါသည်။

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၈) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က**။ ကျောင်းအဆင့် | မူလတန်း✓<br>မူလွန်☐အလယ်တန်း (ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | | | မူလတန်း☐<br>မူလွန်☐အလယ်တန်း (ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | | | မူလတန်း☐<br>မူလွန်☐အလယ်တန်း (ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | | |
| **ခ**။ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ**။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✓<br>စက်ဘီး ✓<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ**။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၂၁၀၀ ပေ | | | | | | | | |
| **င**။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း✓သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| **စ**။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်✓<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ**။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ✓သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဇ**။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်✓<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ**။ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၆ | ၇ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

**ရင်းမြစ်** … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ ဆင်ပုနစ်ကျေးရွာ၏ စာသင်ကျောင်းသည် ကျေးရွာအတွင်းတွင် ရှိသောကြောင့် ကျောင်းသား/သူများအတွက် သွားရေးလာရေးအဆင်ပြေပါသည်။ တစ်ချို့က စက်ဘီးဖြင့်သော်လည်းကောင်း၊ ခြေလျင်ဖြင့် သော်လည်းကောင်း ကျောင်းသို့သွားကြပါသည်။ တစ်ခါတစ်ရံတွင် မိဘများမှစိတ်ပူသောကြောင့် ဆိုင်ကယ်ဖြင့် အကြိုအပို့လုပ်ပေးခြင်းလည်း ရှိပါသည်။ စာသင်ကျောင်းတွင် အဆောက်အဦ(၂)ဆောင်ရှိပါသည်။ (၁)ဆောင်မှာ (၂၀×၃၀)ပေ**

ရှိသော အဆောက်အဦတွင် KG တန်းများတက်ရောက်ပြီး ကျန်(၁)ဆောင်မှာ (၇၀×၃၀)ပေ တွင် မူလတန်းကျောင်းသား/သူများ သင်ကြားပါသည်။ ကျောင်း၏ပုံစံမှာ တစ်ထပ်တိုက်၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အခင်းတို့ဖြင့် ဆောက်လုပ်ထားပြီး အရည်အသွေးမှာ ကောင်းပါသည်။ ကျောင်းအဆောက်အဦနှင့် ကျောင်းသား/သူဦးရေမှာ မျှတမှုရှိပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုလည်းရှိပြီး ကျောင်းအာဟာရ တိုက်ကျွေးမှုလည်း ရှိပါသည်။ ကျောင်းဆရာမ ဝန်ထမ်းဦးရေမှာ ကျား(၁)ဦးနှင့် မ(၅)ဦးရှိပြီး အားလုံးသည် အစိုးရခန့်များဖြစ်ပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၉) **အဖြစ်များသော** ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၆ | တီဘီ | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၇ | ဆီးချို | မြင့်✓ | နိမ့်☐ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်✓ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ဆင်ပုနစ်ကျေးရွာတွင် အများဆုံးဖြစ်လေ့ရှိသောရောဂါမှာ ဆီးချိုနှင့် သွေးတိုးရောဂါနှင့် ဒူးနာခြင်းတို့ဖြစ်ပါသည်။ ထိုသို့ဖြစ်သောအခါ အနီးဆုံးဆေးခန်းဖြစ်သည့် ဒေါင်းရှောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် သွားရောက်ကုသကြရပါသည်။ ဝမ်းပျက် ဝမ်းလျှော၊ သွေးသွန်တုပ်ကွေး၊ ငှက်ဖျား၊ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ၊ တီဘီစသည့် ရောဂါများသည် ကျေးရွာထဲတွင် အနည်းငယ်သာ ဖြစ်ပြီး၊**HIV, AIDS, လိင်မှတဆင့် ကူးစက် နိုင်သောရောဂါများနှင့်အသည်းရောဂါ (ဘီ၊ စီ)၊ အာဟာရချို့တဲ့မှု ဖြစ်ပွားမှုနှုန်း အလွန်နည်းပါး ပါသည်။

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား (၂၀) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။**လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးမှုမှာ အဆုတ်ရောဂါဖြင့် ကာကွယ်ဆေးထိုးမှု မရှိသလောက် နည်းပါးပါသည်။** ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ၊ ပိုလီယိုရောဂါ၊ မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)နှင့် ဝက်သက်ရောဂါတို့တွင် ကာကွယ်ဆေးထိုးနှံမှုရှိပါသည်။ အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရမှတ်တမ်းယူမှု တို့မှာ တစ်လတစ်ကြိမ်ခန့် ပုံမှန်ပြုလုပ်ပေးမှုများ ရှိပါသည်။

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၁) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ✓ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ✓ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ✓<br>၁၀ မိုင်အထက်☐ | ရှိ ✓<br>မရှိ ☐ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ **ဆင်ပုနစ်ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုအတွက် တစ်မိုင်ခန့်**

ဝေးသော ဒေါင်းရှောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့သွားရောက်ပြသရပါသည်။ ရောဂါ အခြေအနေ ပြင်းထန်လာလျှင် (၈)မိုင်ခန့်ဝေးသော ထားဝယ်ဆေးရုံကြီးသို့ သွားရောက် ကုသကြ ရပါသည်။ ဒေသခံကျန်းမာရေး ဆရာမတစ်ယောက်ရှိခဲ့လျှင် ကျေးရွာအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ ပိုမို အဆင်ပြေလာနိုင်ပါသည်။

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄.၁) သောက်သုံးရေရရှိမှု**

ဇယား (၂၂) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၈၂/၄၉ | ကောင်း✓ သင့်☐ ညံ့☐ | ရှိ/နွေရာသီ ရှားပါး |
| အဝီစိတွင်း/ စက်တပ် | ၂ | ကောင်း✓ သင့်☐ ညံ့☐ | ရှိ |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

လေ့လာတွေ့ရှိချက်။ ။ဆင်ပုနစ်ကျေးရွာတွင် ကိုယ်ပိုင်ရေတွင်းအသုံးပြုသူအိမ်ထောင်စုမှာ (၈၂)စု ရှိပါသည်။ အချို့အိမ်ထောင်စုများသည် အိမ်နီးချင်းအိမ်(သို့) ဆွေမျိုးအိမ်များတွင် သွားရောက်အသုံးပြုကြပါသည်။ ကျေးရွာပိုင်ရေတွင်း(၁)တွင်းရှိပါသည်။ ထိုရေတွင်းမှ စင်မြင့် ရေကန်ငယ်တစ်ခုသို့ ရေပိုက်သွယ်ထားပြီး ကျေးရွာအိမ်ခြေအနည်းငယ်သို့ ရေဖြန့်ဝေ ပေးထား ပါသည်။ မိုးရာသီတွင် မိုးရေများနှင့်အတူ သုံးစွဲပြီး နွေရာသီတွင် ရေသုံးစွဲရန် မလုံလောက်သဖြင့် ရေများကို ဝယ်ယူသုံးစွဲနေရပါသည်။ ထို့ကြောင့် စင်မြင့်ရေကန် ဂါလံ(၅,၀၀၀) ဆန့် ရေကန်တစ်ခု တည်ဆောက်နိုင်ခဲ့လျှင် နွေရာသီကာလတွင် ရေကို အလုံအလောက်သုံးစွဲနိုင်မည် ဖြစ်ပါသည်။

**(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၂၃) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၄ |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၁၄/၁ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၂ |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၃ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ဆင်ပုနစ်ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲမှုမှာ ရွာ၏ (၉၀%)ကျော် ရှိပါသည်။ အချို့မှာ တွင်းတက်အိမ်သာများကို အသုံးပြုကြပြီး အနည်းစုမှာ ကြုံသလို ဖြေရှင်းကြပါသည်။ ထို့ကြောင့် ယင်လုံအိမ်သာများကို တစ်ရွာလုံးသုံးစွဲတတ်စေရန် ကျန်းမာရေးဌာနနှင့် ရွာသူ/သားများအားလုံး ပူးပေါင်းကာ ဆောက်လုပ်ပေးနိုင်ရန်နှင့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

(၈) ဘေးအန္တရာယ်များ

ဇယား (၂၄) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် |
| ၃ | ရေကြီးခြင်း | နိမ့် |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | လျှော် | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | နိမ့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆင်ပုနစ်ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုအနေဖြင့် အဆင်မပြေမှုများ နည်းနည်းပါးပါး တွေ့ရှိရပါသည်။ စိုက်ပျိုးမြေများ တိုးချဲ့စိုက်ပျိုးရန် မြေနေရာရှိသော်လည်း ငွေကြေးမတတ် နိုင်ခြင်းကြောင့် အခက်အခဲအနည်းငယ် ကြုံတွေ့နေရပါသည်။ ရေကြီးမှုများ ရှိခဲ့သော်လည်း ယခုချောင်းကောမြောင်းကောများ တူးဖော်ပြီးစီး၍ ရေကြီးမှုများ မရှိသလောက် နည်းပါးသွားပါသည်။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ လျှော်နှင့် မီးဘေး၊ ဆားငန်

ရေဝင်မြေ၊ မြေပြိုခြင်းများမရှိပါ။ သစ်တောပြုန်းတီးမှု အနည်းအကျဉ်းရှိပါသည်။ ကိုယ်ခံအား ကျဆင်းမှုရောဂါ၊ ပြည်တွင်း ပဋိပက္ခ၊လူကုန်ကူးခြင်း ၊ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲများ စသည်တို့ မရှိကြပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာအခြေအနေ | နိမ့် | - |
| အပင်မျိုးစိတ်များ | - | - |
| ရေအရင်းအမြစ် | - | - |
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် အခြေအနေမှာ ကျေးရွာအတွင်းတွင် မြေယာပြုပြင်မှုများ နည်းပါးသောကြောင့် မြေဆီဩဇာအရည်အသွေး နည်းပါးနေရပါသည်။ ရေအရင်းအမြစ်များအနေဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအားထားနေရပြီး သောက်သုံးရေကို တွင်းရေကို အမှီပြုပြီး သုံးစွဲနေရပါသည်။ ကျေးရွာ ဘေးပတ်လည်တွင် တောတောင်များ၊ ပင်လယ်များမရှိသောကြောင့် ရှားပါးအပင်မျိုးစိတ်များ၊ ငါးမျိုးကွဲများနှင့် အခြားတိရစ္ဆာန် မျိုးကွဲများ မတွေ့ရှိရပါ။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၆) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☐ | မရှိ✓ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ✓ | မရှိ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ☐ | မရှိ✓ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ✓ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု

ခေါင်းဆောင်မှု မရှိသော်လည်းကျေးရွာဖွံ့ဖြိုးရေးနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှုမှာ အလွန်အားကောင်းပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိပါ။ အမျိုးသမီးရေးရာ အကြမ်း ဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်မှာ အတော် အသင့် ရှိပါသည်။

## ဆင်ပုနစ်ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ပညာရေး** | | | | | |
| | • မူကြိုကျောင်းအင်္ဂါရပ်နှင့်ပြည့်စုံမှုမရှိခြင်း၊ ကစားကွင်းသေးငယ်ခြင်း | • မူကြိုကျောင်းသည် ကျန်းမာရေးစုရပ်ဖြစ်နေခြင်း၊ မြေနေရာကျဉ်းမြောင်းခြင်း | • မြေနေရာလှူဒါန်းခြင်း၊ လုပ်အားပါဝင်နိုင်ခြင်း | • ငွေကြေးမလုံလောက်ခြင်း | • အလှူရှင်များနှင့် ချိတ်ဆက်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း | • ကျေးရွာမူကြိုကျောင်း (၄၀×၂၀×၁၂)ပေ တည်ဆောက်ခြင်းလုပ်ငန်း |
| ၂ | **အခြေခံအဆောက်အဦ** | | | | | |
| | • သောက်သုံးရေမလုံလောက်ခြင်း | • နွေရာသီတွင် ရေရှားပါးခြင်း၊ အိမ်တိုင်းရေတွင်းမရှိခြင်း | • လုပ်အားပါဝင်နိုင်ခြင်း ပိုက်များလှူဒါန်းနိုင်ခြင်း | | • ရေစင်ရရှိရေးအတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • ရေစင်ဂါလံ(၂၄၀၀)ဆံ့ရေကန် တည်ဆောက်ခြင်းလုပ်ငန်း |
| | • ရွာတွင်းလမ်းမကောင်းခြင်း၊ ဗွက်အိုင်များထခြင်း | • မြေသားလမ်း ဖြစ်နေခြင်း | • လုပ်အားပါဝင်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာလမ်းကော်မတီများဖွဲ့စည်းပြီး ကျေးလက်လမ်းဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • ကျေးရွာတွင်းလမ်း(၄၈၀၀×၁၈) ပေအား မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |
| | • ကျေးရွာကုန်ထုတ်(အင်းကြီး)တံတားမကောင်းခြင်း | • သစ်သားတံတားသည် သက်တမ်းကြာပြီဖြစ်သောကြောင့် သစ်များဟောင်းနွမ်းလာခြင်း | • လုပ်အားပါဝင်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း | • ကျေးရွာကုန်ထုတ်တံတား (၁၅×၁၀၀×၁၂)ပေ သစ်သားတံတား တည်ဆောက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • ကျေးရွာချင်းဆက် တံတား မကောင်းခြင်း | •သက်တမ်းကြာသော ကြောင့် တံတားပျက်စီးခြင်း | | • ငွေကြေးမတတ်နိုင်ခြင်း | • သက်ဆိုင်ရာကျေးလက်လမ်းဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • ဆင်ပုနစ်-နတ်တွင်းကျေးရွာချင်းဆက်တံတား (၂၂×၆×၈) ပေ တည်ဆောက်ခြင်း |
| | • ကျေးရွာတွင်းတံတားများ မကောင်းခြင်း၊ ရေကျော်ခြင်း | •တံတားများ ကျိုးပျက်နေခြင်း၊ ရေမြောင်းများ ကျဉ်းမြောင်းခြင်း၊ တိမ်ကောခြင်း | • လုပ်အားပါဝင်နိုင်ခြင်း | | • ကျေးရွာတွင်း ရပ်မိရပ်ဖများ၊ ရာအိမ်မှူးများ၊ ရွာသူ/သားများနှင့် တိုင်ပင်၍ ရေမြောင်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ အလှူရှင်များနှင့် ချိတ်ဆက်အကူအညီတောင်းခံခြင်း | • ကျေးရွာအတွင်း ရေပြွန် ( ၄ စင်း (၁၈×၃×၂)ပေတည်ဆောက် ခြင်း လုပ်ငန်း |
| ၃ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | | | | | |
| | • အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အမျိုးသမီးများ အလုပ်လက်မဲ့ပေါ်များခြင်း | • ဒေသအတွင်း စက်ရုံ/အလုပ်ရုံမရှိခြင်း၊ ဒေသခံများ အခြေခံပညာအားနည်းခြင်း၊ အသက်မွေးပညာကျွမ်းကျင်တက်မြောက်မှုအားနည်းခြင်း | | • ငွေကြေးပြည့်စုံမှု မရှိခြင်း | • ကျေးရွာနေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ကျေးလက်ဦးစီးဌာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း အမျိုးသမီး(အပ်ချုပ်စက်)သင်တန်းများလိုအပ်ခြင်း |
| ၄ | **လူငယ်နှင့် အားကစား** | | | | | |
| | • ဘောလုံးကွင်းအင်္ဂါရပ်နှင့် မပြည့်စုံခြင်း | • ကစားမည့်မြေနေရာကျဉ်းမြောင်းခြင်း၊ ချုံများထူထပ်ခြင်း၊ မြေများ နိမ့်နေ | • မြေနေရာရှိခြင်း၊ လုပ်အားပါဝင်နိုင်ခြင်း | | • ကျေးရွာလူငယ်များ စုပေါင်း၍ သက်ဆိုင်ရာဌာနများတွင် အကူအညီ | • ဘောလုံးကွင်း (၃၂၀×၂၆၀) ပေ ပြန်လည်ပြုပြင်မွမ်းမံရန်လိုအပ်ခြင်း |